Australian Government
Department of Immigration
and Border Protection

# သုံးစွဲသူအတွက် လမ်းညွှန်

မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များသည် ပညာရှင်ပီသသော အဆင့်အတန်းများ ဖြည့်ဆည်းရသည့် အတတ်ပညာပိုင်း ကျွမ်းကျင်ပြီး လုပ်ဆောင်မှုဆိုင်ရာ စည်းမျဉ်း ဥပဒေကို လိုက်နာလျက် လူဝင်မှု ကြီးကြပ်ရေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းကို နောက်ဆုံးအခြေအနေအထိ သိထားရသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

သင်၏ ကိုယ်စားလှယ်သည် သင့်တော်သောပုဂ္ဂိုလ်များသာလျှင် ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ အကူအညီပေးရန် ကိုယ်စားလှယ်များအဖြစ် မှတ်ပုံတင်ခွင့်ရရှိရေး စိစစ်သည့် OMARA (Office of the Migration Agents Registration Authority) ထံတွင် မှတ်ပုံတင်ထားရန် လိုအပ်သည်။ ပုဂ္ဂိုလ်တစ်ဦးသည် မှတ်ပုံတင် ထားခြင်း ရှိမရှိ စစ်ဆေးရန်အတွက် OMARA ၏ ဝက်ဘ်ဆိုက် www.mara.gov.au ကို သွားရှုကြည့်ပါ။

## ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များနှင့် လုပ်ဆောင်မှုဆိုင်ရာ စည်းမျဉ်း ဥပဒေ

လုပ်ဆောင်မှုဆိုင်ရာ စည်းမျဉ်း ဥပဒေသည် သင်၏ ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်ကို အောက်ပါအတိုင်း ဆောင်ရွက်ရန် သေချာစေသည်။

- သင့်အနေနှင့် ဗီဇာရရှိစရာ အလားအလာ မည်မျှရှိသည်ကို အမှန်အတိုင်း သင့်အား ဖော်ပြရမည်။
- သင်၏လျှောက်လွှာ တိုးတက်မှုအခြေအနေ ကို သင့်အား မှန်မှန် အသိပေးပြီး လျှောက်လွှာကို ထိခိုက်စေမည့် အပြောင်းအလဲများရှိလျှင်လည်း အသိပေးရမည်။
- ရုံးချိန်အတွင်း သင့်အား ဆက်သွယ်ခွင့် ပြုရမည်။ ဆက်သွယ်ရန် အချက်အလက်များ ပြောင်းလဲသွားလျှင်လည်း သင့်ကို ပြောပြရမည်။
- ဥပဒေအတွင်း သင်၏အကျိုးကိုဆောင်ရွက်ရမည်ဖြစ်ပြီး သင်၏ အတွင်းရေးအချက်အလက်များကို လုံလုံခြုံခြုံ ကာကွယ်ထားရမည်။
- သင်၏ လျှောက်လွှာကို ထိခိုက်နိုင်သော ထိုသူတို့ရဲ့ အကျိုးအမြတ်ရရှိနိုင်သော ပတ်သက်မှု ရှိလျှင် သင့်အား ဖော်ပြရမည်ဖြစ်ပြီး သဘောထားကွဲလွဲမှုရှိလျှင် သင်၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း မပြုရ။
- အလုပ် စမလုပ်မီ သင့်အား မည်သည့်ဆောင်ရွက်မှုများကိုပေးမည်၊ ခန့်မှန်းသည့်အခ နှင့် အခြား ကုန်ကျဖွယ်စရိတ်များ ပါရှိသည့် စာနှင့်ရေးထားသည့် ရှင်းတမ်းကို ပေးရမည်။
- သင် ကြိုတင် ငွေရှင်းလျှင် ထိုက်သင့်သော အခ ကိုသာ တောင်းခံပြီး ထိုငွေကို သီးခြားဘဏ်စာရင်းတွင် သွင်းထားရမည်။
- ပြီးဆုံးခဲ့သည့် ဆောင်ရွက်မှုများ စာရင်းပါရှိသည့် ငွေတောင်းခံလွှာ နှင့် ပေးချေရမည့် ငွေပမာဏ ကို သင့်အား ပေးရမည်။
- အချိန်မီပြီး မှန်ကန်သည့် အကြံဉာဏ်ပေးပြီး သင့်လျှောက်လွှာ ရရှိသည့်အဖြေကို စာဖြင့်ရေးသားလျက် အမြန်ဆုံး သင့်အား အကြောင်းကြားရမည်။

## တိုင်ကြားချက်များ

သင်သည် သင်၏ မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ပြဿနာ ဖြစ်လျှင် သင် သူတို့နှင့် ပြဿနာကို ဖြေရှင်းရန် ကြိုးစားရမည်။ အကူအညီ လိုပါက OMARA ကို ဆက်သွယ်ပါ။

*OMARA ထံတွင် တိုင်တမ်းခြင်းဖြင့် သင်၏ ဗီဇာ လျှောက်ထားခြင်းကို ထိခိုက်မည် မဟုတ်ပါ။*

## Office of the Migration Agents Registration Authority (OMARA)

ဩစတြေးလျား ဥပဒေအရ OMARA သည်

- ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် လျှောက်လွှာများကို အကဲဖြတ်ပြီး ပေးရေး မပေးရေကို ဆုံးဖြတ်သည့် အာဏာပိုင်ဖြစ်သည်။
- ကိုယ်စားလှယ်များအတွက် အတတ်ပညာဆက်လက် ဖွံ့ဖြိုးစေမည့် လှုပ်ရှားမှုများ ကို ခွင့်ပြုမှု ပေးသည်။
- မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ ဆောင်ရွက်ပုံကို စောင့်ကြည့်မှတ်သားသည်။
- မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များအပေါ် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးပြီး သင့်လျော်ပါက အရေးယူ အပြစ်ပေးမည်။

OMARA အနေနှင့် သင်၏ ဗီဇာ လျှောက်ထားခြင်းကိစ္စ သို့မဟုတ် ကုန်ကျစရိတ် ကျခံရန် အာမခံကိစ္စတို့တွင် သင့်အား မကူညီနိုင်၊ သင်၏ မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်အား သင်ပေးခဲ့သည့် အခကြေးငွေကို ပြန်အမ်းရန်အတွက်လည်း အမိန့် မချမှတ်နိုင်

သိကောင်းစရာ အချက်အလက်များ www.mara.gov.au ပိုမိုရရှိ နိုင်သေးသည်။

- လုပ်ဆောင်မှုဆိုင်ရာ စည်းမျဉ်း ဥပဒေ
- မှတ်ပုံတင်ထားပြီးသော ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် အသုံးပြုရန် အကြံပြုချက်များ
- ကိုယ်စားလှယ်တို့၏ ပျမ်းမျှ ဝန်ဆောင်ခ

## ပုဂ္ဂိုလ်တစ်ဦးသည် မှတ်ပုံတင်ထားခြင်း ရှိမရှိ www.mara.gov.au တွင် စစ်ဆေးကြည့်ပါ။

